## ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများနှင့် လေ့လာဆန်းစစ်ချက်

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် အမတဟိုး(လ်)ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ”) ၏ ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ စာရင်းစစ်ဆေးပြီးသော ပေါင်းစည်းရေးဆွဲထားသည့် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် အခြေခံထားသည့် သုံးသပ်ထုတ်ပြန်ကြေညာချက် ဖြစ်ပါသဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ ယှဉ်တွဲဖတ်ရှုသင့်ပါသည်။ အခြားငွေကြေးအနေဖြင့် သီးခြားဖော်ပြ ထားခြင်းမရှိလျှင် ငွေပမာဏအားလုံးကို မြန်မာကျပ်ငွေဖြင့်သာ သုံးသပ်ဖော်ပြထားပါသည်။

### ၁။ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ

၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက် နေ့ တွင် ကုန်ဆုံးသော ဘဏ္ဍာရေးကာလများအတွက် ကျွန်ုပ်တို့ လုပ်ငန်းအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ချက်များကို အောက်တွင် ဖော်ပြထားပါသည်။

| (Kyat) | **01-Apr-22 to 31-Mar-23 (12 months)** | **01-Oct-21 to 31-Mar-22 (6 months)** | **% Change** |
|---|---|---|---|
| **Operating Revenue** | | | |
| Room Sales | 2,118,084,841 | 1,187,137,161 | **78%** |
| Passenger Income (Balloon) | 323406934.8 | - | |
| Food and Beverage | 864,299,281 | 468,160,369 | **85%** |
| Other operating | 206,515,900 | 122,759,339 | **68%** |
| **Total** | **3,512,306,957** | **1,778,056,869** | **98%** |
| **Cost of Sales** | | | |
| Room and Balloon | 728,482,474 | 267,289,749 | **173%** |
| Food and Beverage | 645,407,681 | 287,942,402 | **124%** |
| Other operating | 25,242,709 | 13,216,961 | **91%** |
| **Total** | **1,399,132,864** | **568,449,112** | **146%** |
| **Gross Profit** | **2,113,174,093** | **1,209,607,757** | **75%** |
| **Other Income** | **39,374,677** | **1,154,955** | **3309%** |
| **Other Expense** | **6,444,264,045** | **(1,224,403,075)** | **-626%** |
| **EBITDA** | **(4,291,715,275)** | **2,435,165,787** | **-276%** |
| **EBIT** | **(6,083,727,347)** | **1,457,593,417** | **-517%** |
| **Interest Expense** | 1,863,266,240 | 1,009,219,558 | **85%** |
| **(Loss) / Profit before Tax** | **(7,932,734,557)** | **448,373,859** | **-1869%** |
| **Total Comprehensive Income** | **(7,932,734,557)** | **649,500,164** | **-1321%** |

ကျွန်ုပ်တို့၏ အဓိကဝင်ငွေသည် အပန်းဖြေဟိုတယ်များနှင့် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများမှ ရရှိခြင်းဖြစ်ပြီး ယခုတင်ပြသော ဘဏ္ဍာရေးနှစ်တွင် အပန်းဖြေဟိုတယ်လုပ်ငန်းများ ပြန်လည်ဦးမော့ လာသည့်အပြင်၊ လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းကိုလည်း ပုဂံဒေသတွင် ပြန်လည်ပျံသန်းနိုင်ခဲ့သည့် အတွက် ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် အား ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက် နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးကာလနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက လုပ်ငန်းမှရရှိသောဝင်ငွေသည် ၉၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

အခြားဝင်ငွေ (Other Income) တိုးတက်လာခြင်း၏ အကြောင်းအရင်းမှာ ကြိုတင်ကောက်ခံရရှိထားသော အခန်းငှားရမ်းခအချို့သည် လာရောက်တည်းခိုခြင်းမရှိသည့်အတွက် လုပ်ငန်း၏ ဝင်ငွေဖြစ်လာသောကြောင့်ဖြစ်ပါသည်။

လုပ်ငန်း၏အခြားကုန်ကျစရိတ်များ (Other Expenses) မှ အချို့စရိတ်များဖြစ်သော စီမံရေးရာနှင့်အထွေထွေကုန်ကျစရိတ်များ နှင့် Sales and Marketing ကုန်ကျစရိတ်များကို စီစစ်သုံးစွဲခဲ့သော်လည်း ကုမ္ပဏီ၏ ယခုဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းအသားတင်အမြတ် အစား အသားတင်အရှုံး မြန်မာကျပ်ငွေ ၇.၉ ဘီလီယံကျော်ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ပေါ်ပေါက်ခဲ့ရခြင်းမှာ ယခု ဘဏ္ဍာနှစ်တွင် ဟိုတယ်အချို့ကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများပြုလုပ်ခဲ့ခြင်း နှင့် စာရင်းရေးဆွဲမှုစံအရ လစဉ်ငွေလဲလှယ်မှု သတ်မှတ်ဈေးနှုန်းပြောင်းလဲမှုနှင့်အညီ လိုက်၍ ပြန်လည်တန်ဖိုးသင့်ရသော လက်ကျန်စာရင်းများမှ ပေါ်ပေါက်လာသည့် ငွေကြေးပြောင်းလဲဖော်ပြခြင်း အရှုံး ( Unrealised Exchange Loss) ၄.၅၁ ဘီလီယံကြောင့်ဖြစ်ပါသည်။

**နိုင်ငံခြားငွေကြေးပြောင်းလဲသတ်မှတ်မှု နှင့် လဲလှယ်မှု အမြတ်/အရှုံး (Foreign Currency Exchange Gain/Loss)**

ကျွန်ုပ်တို့လုပ်ငန်းအုပ်စုသည် Hotel Industry ထဲတွင် လုပ်ကိုင်နေသော လုပ်ငန်းတစ်ခုဖြစ်သည့် အားလျော်စွာ ယေဘုယျအားဖြင့် ငွေကြေးလဲလှယ်မှုဆုံးရှုံးနိုင်ခြေ (exchange rate risk) နှင့် ရင်ဆိုင်ရလေ့ရှိပါသည်။ နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်းအတက်၊အကျမတည်ငြိမ်ခြင်းများကြောင့် ဆုံးရှုံးနိုင်ချေများကိုလျော့ချရန်အတွက် ယခုစာရင်းရေးဆွဲတင်ပြသော ဘဏ္ဍာရေးနှစ်တွင် အခန်းငှားရမ်းခများကို ကျပ်ငွေဖြင့်သာပြောင်းလဲသတ်မှတ်ခဲ့ခြင်း နှင့် ပေးရန်ရှိများကိုလည်း ကျပ်ငွေဖြင့်ပြောင်းလဲကောက်ခံရန် ညှိနှိုင်းခြင်းများဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အား ပြီးခဲ့သည့် ဘဏ္ဍာရေးကာလရှင်းတမ်းနှင့် နှိုင်းယှဉ်ကြည့်ပါက နိုင်ငံခြားငွေလဲလှယ်မှုအရှုံးပေါ်ပေါက်ခဲ့ပါသည်။ အောက်ဖော်ပြပါ ယခုနှစ် ဘဏ္ဍာရေးရှင်းတမ်းမှ ကောက်နုတ် ဖော်ပြထားသော ဇယားကို ကြည့်မည်ဆိုပါက နိုင်ငံခြားငွေလဲလှယ်မှုဈေးနှုန်း ပြောင်းလဲမှုနှင့် အညီလိုက်၍ ပြန်လည်တန်ဖိုးသင့်ရာမှ

ပေါ်ပေါက်လာသည့် အရှုံး (Exchange Loss - Unrealized) ၄.၅၁ ဘီလီယံတွင် နိုင်ငံခြားချေးငွေကြောင့် ဖြစ်ပေါ်သည့် အရှုံး ၄.၃၂ ဘီလီယံ သည် အဓိကအားဖြင့် ပါဝင်နေပါသည်။

| **(Kyat)**<br>**Exchange Rate Differential** | **Financial year ended 31 March 2023** | **Financial Period ended 31 March 2022** |
|---|---|---|
| Ex rate differential - realized | **21,154,905** | **(57,380,074)** |
| Ex rate differential - unrealized | **4,506,997,027** | **(1,878,988,994)** |
| **Total** | **4,528,151,932** | **(1,936,369,068)** |

## ၂။ ဘဏ္ဍာရေးအခြေအနေ

### လက်ငင်းမဟုတ်သောရပိုင်ခွင့်များ (Non-Current Assets)

ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လက်ငင်းမဟုတ်သောရပိုင်ခွင့်များတွင် ဟိုတယ်နှင့် လူစီးမီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းများ၌ အသုံးပြုသော ပုံသေပိုင်ပစ္စည်းများ (Property, plant and equipment) များ အဓိကပါဝင်ပါသည်။ ပုံသေပိုင်ပစ္စည်းများ ၃.၁ ရာခိုင်နှုန်း ကျဆင်းရခြင်းမှာ ဟိုတယ်နှင့် လူစီးမီးပုံးပျံဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသည့် ထိတွေ့နိုင်သောပစ္စည်းများ (tangible assets) နှင့် မထိတွေ့နိုင်သောပစ္စည်းများ (intangible assets)၏ တန်ဖိုးလျော့စရိတ် (depreciation & amortization) ကြောင့်ဖြစ်ပါသည်။

| (Kyat) | **Financial year ended 31 March 2023** | **Financial period ended 31 March 2022** | **% Change** |
|---|---|---|---|
| **Non-current Assets** | **51,970,291,626** | **53,651,830,743** | **-3.1%** |

## လက်ငင်းရပိုင်ခွင့်များ (Current Assets)

ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လက်ငင်းရပိုင်ခွင့်များထဲတွင် ကုန်ပစ္စည်းလက်ကျန်များ၊ ရရန်ရှိများ၊ ကြိုတင်ပေးထားငွေများ၊ ပတ်သက်ဆက်နွယ်သူများထံမှရရန်ရှိများ (amount due from related parties) နှင့် ငွေသားနှင့်ငွေသားကဲ့သို့သောအလားတူများ (cash and cash equivalents) များပါဝင်သည်။ လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလအတွင်း ၆.၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အဓိကအကြောင်းအရင်းမှာ ကုန်လက်ကျန်များကို လျော့ချ၍သိုလှောင်ခြင်း၊ ကြိုတင်ပေးချေမှုများလျှော့ချခြင်း၊ ရရန်ရှိများ အချိန်မီ ရရှိကောက်ခံခြင်းတို့ကြောင့် လျှော့ကျသွားခြင်းဖြစ်ပါသည်။

| (Kyat) | Financial year ended 31 March 2023 | Financial period ended 31 March 2022 | % Change |
|---|---|---|---|
| **Current Assets** | **470,624,134** | **501,797,957** | **-6.2%** |

## လက်ငင်းပေးရန်တာဝန်များ (Current Liabilities)

လုပ်ငန်းအုပ်စု၏ အဓိကကျသော လက်ငင်းပေးရန်တာဝန်များတွင် ကာလရှည်ချေးငွေများမှ တစ်နှစ်အတွင်းပေးရန်ရှိသည်များ၊ ပေးရန်တာဝန်ရှိများ၊ ကြိုတင်အသုံးပြုထားသောစရိတ်များ အတွက် ပေးရန်တာဝန်များ၊ ပေးချေရနိုင်သောအခွန်၊ လျာထားအသုံးစရိတ်များအတွက် ပေးရန်တာဝန်နှင့် ကြိုတင်တောင်းခံထားသောစရံငွေ၊ ပတ်သက်ဆက်နွယ်သူများထံသို့ပေးရန်ရှိများ နှင့် အခြားပေးရန်တာဝန်များ၊ ယင်းတွင် ကော်မရှင် နှင့် အခြားအထွေထွေအရပ်ရပ်များ ပါဝင်ပါသည်။ ယခင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးကာလနှင့် နှိုင်းယှဉ်ပါက ယခု ဘဏ္ဍာရေးနှစ်တွင် လက်ငင်းပေးရန်တာဝန်မှာ ၄၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယင်းသို့ဖြစ်ရသည့် အဓိကအကြောင်းအရင်းမှာ နိုင်ငံခြားငွေဖြင့် ချေးယူထားသော ချေးငွေအတွက် လက်ငင်းပေးဆပ်ရမည့် ကြွေးမြီတန်ဖိုးမြင့်တက်လာခြင်း၊ ၎င်းနိုင်ငံခြားချေးငွေ၏ လက်ငင်းပေးဆပ်ရမည့် ကြွေးမြီ နှင့် အတိုးပေါ်တွင် နိုင်ငံခြားငွေလဲမှုဈေးနှုန်း နှင့်အညီ ပြန်၍တန်ဖိုးသင့်ရခြင်းကြောင့် လက်ငင်းပေးရန်တာဝန်များ မြင့်တက်ခဲ့ခြင်း အပြင် ခရီးသွားလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာသောကြောင့် အခန်းငှားရမ်းခ ကြိုတင်ကောက်ခံရရှိသောကြောင့် ဖြစ်ပါသည်။

| (Kyat) | Financial year ended 31 March 2023 | Financial period ended 31 March 2022 | % Change |
|---|---|---|---|
| **Current Liabilities** | **19,886,770,572** | **14,000,620,873** | **42.0%** |

## လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များ (Non-Current Liabilities)

လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များတွင် ကာလရှည်ချေးငွေများ၊ အခြားလက်ငင်းမဟုတ်သော ပေးရန်ရှိတာဝန်များအပြင် ကာလရှည်မြေငှားရမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ပေးရန်တာဝန် (finance lease obligation) များပါဝင်ပါသည်။ ယခုဘဏ္ဍာရေးနှစ် နှင့် ယခင်ဘဏ္ဍာရေးကာလ နှိုင်းယှဉ်ပါက ၃.၈ ရာခိုင်နှုန်းကျဆင်းခဲ့ရခြင်းမှာ လာမည့်နှစ်တွင်ပေးဆပ်ရမည့် ကြွေးမြီအရစ်အား စာရင်းရေးဆွဲခြင်းစံအရ လက်ငင်းပေးရန်ရှိတာဝန်သို့ ရွှေ့ပြောင်းဖော်ပြခြင်းနှင့် ချေးငွေလက်ကျန်အား နိုင်ငံခြားငွေလဲလှယ်မှုဈေးနှုန်း ပြောင်းလဲလာမှုနှင့်အညီ ပြန်လည်တန်ဖိုးသင့်ရခြင်းကြောင့်ဖြစ်ပါသည်။

| (Kyat) | Financial year ended 31 March 2023 | Financial period ended 31 March 2022 | % Change |
|---|---|---|---|
| **Non-current Liabilities** | **14,984,753,113** | **15,571,457,170** | **-3.8%** |

## ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity)

ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity) တွင် အစုရှယ်ယာမတည်ရင်းနှီးငွေ၊ ထိန်းသိမ်းထားရှိသောအမြတ်ငွေလက်ကျန် (Retained Earnings) နှင့် ထိန်းချုပ်ထားခြင်းမရှိသောအကျိုးခံစားခွင့် Non-Controlling Interest (NCI) တို့ပါဝင်သည်။ ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်မှုသည် ယခင် ဘဏ္ဍာရေးကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ယခု ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်တွင် ၂၈.၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ထိုသို့ကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ ဟိုတယ်အချို့ကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများပြုလုပ်ခဲ့ခြင်း၊ တန်ဖိုးလျော့စရိတ်နှင့် ငွေလဲလှယ်မှုဈေးနှုန်း ပြောင်းလဲမှုနှင့်အညီလိုက်၍ ပြန်လည် တန်ဖိုးသင့်ရမှု တို့ကြောင့် ပေါ်ပေါက်လာသော လုပ်ငန်း၏ အသားတင်အရှုံး ဖြစ်ပေါ်မှုကြောင့်ဖြစ်ပါသည်။

| (Kyat) | Financial year ended 31 March 2023 | Financial period ended 31 March 2022 | % Change |
|---|---|---|---|
| **Total Equity** | **17,569,392,075** | **24,581,550,657** | **-28.5%** |

## ပြန်လည်သုံးသပ်ချက်များနှင့် အနာဂတ်မျှော်မှန်းချက်

ယခင်ဘဏ္ဍာကာလ နှင့် လက်ရှိဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတွင် ပြောင်းလဲလာသည့် အခြေအနေများ၊ ဖြစ်ပေါ်လာသည့် စီးပွားရေးနှင့် ဈေးကွက် အနေအထား များနှင့်အညီ လိုက်၍ Amata Group အနေဖြင့် ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး၊ ယခုဘဏ္ဍာရေးနှစ်တွင် ဟိုတယ်များ မှဝင်ငွေရရှိမှု မြင့်တက်လာလျက်ရှိပြီး၊ လူစီးမီးပုံးပျံလုပ်ငန်းကိုလည်း ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက် မှစတင်၍ ပုဂံဒေသတွင် မီးပုံးပျံ ပျံသန်းခြင်းဝန်ဆောင်မှုများ ပြန်လည်စတင်နေပြီဖြစ်ပါသည်။


ဟိုတယ် နှင့် ခရီးသွားလာရေးလုပ်ငန်းများ၏ ဝင်ငွေသည် နှစ်စဉ်အကြမ်းအားဖြင့် ခရီးသွားလာမှုနည်းပါးသည့် မေလ မှ စက်တင်ဘာလအတွင်း(Low Season) တွင်ကျဆင်းလေ့ရှိပြီး အောက်တိုဘာလမှ ဧပြီလအထိသည် ခရီးသွားလာမှုများပြားသည့်ကာလ(High Season) ဖြစ်ပါသည်။ ယခုဘဏ္ဍာရေးနှစ်တွင် မိမိတို့လုပ်ငန်းအနေဖြင့် Low Season ကာလတွင် ဟိုတယ်အချို့ကို ဖွင့်လှစ်၍ဝန်ဆောင်မှုပေးခဲ့ပါသည်။ ခရီးသွားလာမှုနည်းပါးသည့်ကာလ ဖြစ်သည့်အတွက် ဝင်ငွေရရှိမှုနည်းပါးသော်လည်း လုပ်ငန်းလည်ပတ်စရိတ် နှင့် ဟိုတယ်ထိန်းသိမ်းစရိတ်အချို့ကို ကာမိစေပါသည်။

ကုမ္ပဏီအနေဖြင့် လာမည့်ခရီးသွားရာသီတွင် လုပ်ငန်းအုပ်စု၏ ဝင်ငွေပိုမို ရရှိစေရန်၊ ဈေးကွက်ဝေစု ပိုမိုရရှိနိုင်ရန် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ဧည့်သည်များ၏ ကြိုက်နှစ်သက်မှုရရှိစေရန်၊ စိတ်အေးချမ်းသာပြီး သက်သောင့်သက်သာ ဒးယူနိုင်စေရန်ရည်ရွယ်၍ ဟိုတယ်များတွင် အကြီးစားပြုပြင်ထိန်းသိမ်းမှုများကို ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့ပါသည်။ ပြည်ပခရီးသွားဝင်ရောက်မှု နည်းပါးနေသေးသည့်အတွက် ပြည်တွင်းခရီးသွားများကို အဓိကဦးတည်သည့် အရောင်းမြင့်တင်ရေးအစီအမံများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်း နှင့် ပြောင်းလဲနေသော စီးပွားရေးအခြေအနေ၊ ဈေးကွက်လိုအပ်ချက်များနှင့် ကိုက်ညီသော မဟာဗျူဟာများချမှတ်ခြင်း အစရှိသည့် ကြိုတင်ပြင်ဆင်မှုများကိုသာမက လုပ်ငန်းလည်ပတ်စရိတ်နှင့် အခြားစရိတ်စကများ လျှော့ချခြင်းအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကိုပါ စီမံဆောင်ရွက်ကြိုးပမ်းလျက်ရှိပါသည်။ (၃)နှစ်ကျော်ကာလအတွင်း လုပ်ငန်းများအားလည်း အကောင်းမွန်ဆုံး လည်ပတ်နိုင်ရန်အတွက် များစွာသော အခက်အခဲများ ရင်ဆိုင်၍ အောင်မြင် စွာ ဖြတ်ကျော်နိုင်ခဲ့ပြီး အစုရှယ်ယာရှင်များ၏ အနာဂတ် အကျိုးစီးပွားအတွက် အကောင်းဆုံးပြင်ဆင်ထားရှိပါသည်။

လာမည့်ကာလများတွင် မမျှော်မှန်းနိုင်သော အခြေအနေများဖြစ်ပေါ်သည်မှအပ ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍများ ပြန်လည်ဦးမော့လာနိုင်ပြီး လုပ်ငန်းအုပ်စုအနေဖြင့်လည်း ဟိုတယ်လုပ်ငန်းများကြား ဈေးကွက်ဝေစု ပိုမိုရရှိနိုင်ရန် ၊ လူစီးမီးပုံးပျံ ပျံသန်းခြင်းကို ပုဂံဒေသတွင်သာမက အခြားဒေသများ၌ပါ တိုးချဲ့ဝန်ဆောင်မှုပေးနိုင်ရန် နှင့် မတူကွဲပြားသော

လုပ်ငန်းနယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ထိုသို့ကြိုးပမ်းသည့်အနေဖြင့် တချို့သောလုပ်ငန်းများအား ရောင်းချသင့်က ရောင်းချ၍ဆောင်ရွက်သွားမည် ဖြစ်သည့်အားလျော်စွာ လုပ်ငန်းအုပ်စု၏ ဝင်ငွေများပိုမိုတိုးတက်လာပြီး ရေရှည်အလားအလာကောင်းများရရှိစေရန် ဆက်လက်ကြိုးစား ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့ ကိုယ်စား



ဦးဝင်းအောင်

ဥက္ကဋ္ဌ

AMATA HOLDING PUBLIC CO., LTD.

## MANAGEMENT DISCUSSION AND ANALYSIS

*The following Management Discussion and Analysis ("MD&A") is based on Amata Holding Public Company Limited ("Amata") Consolidated Audited Financial Statements for the financial year ended 31st March 2023 ("FY2022-2023") and should be read in conjunction with those financial statements and related notes thereto. All currency amounts in this MD&A are expressed in Myanmar Kyats unless otherwise specified.*

### 1. Operating Results

The Group's operating performance for the financial year ended 31st March 2023 and the mini-budget financial period ended 31st March 2022 are shown below.

| (Kyat) | 01-Apr-22 to 31-Mar-23 (12 months) | 01-Oct-21 to 31-Mar-22 (6 months) | % Change |
|---|---|---|---|
| **Operating Revenue** | | | |
| Room Sales | 2,118,084,841 | 1,187,137,161 | **78%** |
| Passenger Income (Balloon) | 323,406,934 | - | |
| Food and Beverage | 864,299,281 | 468,160,369 | **85%** |
| Other operating | 206,515,900 | 122,759,339 | **68%** |
| **Total** | **3,512,306,957** | **1,778,056,869** | **98%** |
| **Cost of Sales** | | | |
| Room and Balloon | 728,482,474 | 267,289,749 | **173%** |
| Food and Beverage | 645,407,681 | 287,942,402 | **124%** |
| Other operating | 25,242,709 | 13,216,961 | **91%** |
| **Total** | **1,399,132,864** | **568,449,112** | **146%** |
| **Gross Profit** | **2,113,174,093** | **1,209,607,757** | **75%** |
| **Other Income** | **39,374,677** | **1,154,955** | **3309%** |
| **Other Expense** | **6,444,264,045** | **(1,224,403,075)** | **-626%** |
| **EBITDA** | **(4,291,715,275)** | **2,435,165,787** | **-276%** |
| **EBIT** | **(6,083,727,347)** | **1,457,593,417** | **-517%** |
| **Interest Expense** | 1,863,266,240 | 1,009,219,558 | **85%** |
| **(Loss) / Profit before Tax** | **(7,932,734,557)** | **448,373,859** | **-1869%** |
| **Total Comprehensive Income** | **(7,932,734,557)** | **649,500,164** | **-1321%** |

The Group's principal revenue comes from resort hotels and hot air ballooning businesses. Comparing the financial year ended 31st March 2023 with the financial period ended 31st March 2022, the total operating revenue was increased by 98% since the resort hotels business has recovered and hot air ballooning business in Bagan region was also able to operate again during this reporting year.

Other income was increased which mainly due to the cancellation of the reservation deposit received.

Although some of the other expenses such as sales and marketing, and administrative and general expenses were being controlled, there was a total comprehensive loss of 7.9 billion Kyats rather than total comprehensive income during the Company's current financial year. It was due to the repair and maintenance works done on some of our hotels and the unrealized exchange loss of 4.51 billion Kyats incurred from the revaluation of some balance sheet items based on monthly foreign currency exchange rates in accordance with the accounting standards.

**Foreign Currency Exchange Gain/Loss**

Since our Group operates mainly in the Hotel industry, the business almost always encounters the exchange rate risk in general. In order to reduce the potential losses from the instability of foreign currency exchange rate fluctuations, we have made the adjustments during this reporting year to set the room rates and payable in Myanmar Kyats. By comparing the financial year ended 31st March 2023 with the previous financial period, there was the foreign currency exchange loss. As per below table extracted from the financial statements of the current year, unrealized exchange loss of 4.51 billion Kyats consisted mainly of 4.32 billion Kyats from translation to the functional currency of the foreign currency loan.

| (Kyat) | Financial year ended 31 March 2023 | Financial Period ended 31 March 2022 |
|---|---|---|
| Ex rate differential - realized | **21,154,905** | **(57,380,074)** |
| Ex rate differential - unrealized | **4,506,997,027** | **(1,878,988,994)** |
| **Total** | **4,528,151,932** | **(1,936,369,068)** |

## 2. Financial Condition

***Non-Current Assets***

The Group's major non-current assets consist of property, plant and equipment for hotels and hot air ballooning services. A 3.1% decrease in non-current assets was primarily attributable to the depreciation and amortization of tangible and intangible assets used in hotels and hot air ballooning businesses.

| (Kyat) | Financial year ended 31 March 2023 | Financial period ended 31 March 2022 | % Change |
|---|---|---|---|
| **Non-current Assets** | **51,970,291,626** | **53,651,830,743** | **-3.1%** |

***Current Assets***

The Group's current assets consist of inventory, account receivables, prepayment and advance, amount due from related parties, and cash and cash equivalents. Current assets were decreased by 6.2% between the financial year ended 31st March 2023 and the financial period FY2021-22. The main reasons for that were reducing the minimum inventory level, reducing the prepayments, and being able to timely collect the account receivables.

| (Kyat) | Financial year ended 31 March 2023 | Financial period ended 31 March 2022 | % Change |
|---|---|---|---|
| **Current Assets** | **470,624,134** | **501,797,957** | **-6.2%** |

***Current Liabilities***

The Group's major current liabilities include current portion of long-term borrowings, accounts payable, accrued expenses, tax payable, provision and deposit, amount due to related parties, and other liabilities, which consist of commission and other miscellaneous. A 42% increase in current liabilities for current financial year as compared to the financial period FY2021-2022 was mainly due to an increase in current portion of principal payment for the foreign currency loan and interest due for such foreign currency loan are translated to the functional currency , and an increase in collection of room deposits due to the recovery of tourism businesses.

| (Kyat) | Financial year ended 31 March 2023 | Financial period ended 31 March 2022 | % Change |
|---|---|---|---|
| **Current Liabilities** | **19,886,770,572** | **14,000,620,873** | **42.0%** |

### *Non-Current Liabilities*

Non-Current Liabilities comprise of long-term borrowings, other non-current liabilities and finance lease obligation. By comparing the financial year ended 31st March 2023 with the previous financial period, there was a 3.8% decrease in non-current liabilities and it was primarily attributable to the reporting of long-term borrowing which will be due next year to current liabilities in accordance with the accounting standards and the revaluation of foreign currency loan outstanding due to the changes in foreign currency exchange rates.

| (Kyat) | Financial year ended 31 March 2023 | Financial period ended 31 March 2022 | % Change |
|---|---|---|---|
| **Non-current Liabilities** | **14,984,753,113** | **15,571,457,170** | **-3.8%** |

### *Total Equity*

The total equity consists of share capital, retained earnings and non-controlling interest (NCI).For current financial year ended 31st March 2023, the total equity was decreased by 28.5% as compared to the previous financial period. It was mainly due to the repair and maintenance works done on some of our hotels, depreciation expenses, and the net loss incurred by revaluation of the changes foreign currency exchange rates.

| (Kyat) | Financial year ended 31 March 2023 | Financial period ended 31 March 2022 | % Change |
|---|---|---|---|
| **Total Equity** | **17,569,392,075** | **24,581,550,657** | **-28.5%** |

**Review and Business Outlook**

Amata Group was able to perform well amidst the changing conditions in Myanmar between the previous and current financial year, and the emerging economic and market conditions. The revenue from hotels was increasing during the current financial year and the hot air ballooning business was resumed in the Bagan region starting from November 17, 2022.

In each year, the revenue of hotel and tourism businesses tends to drop roughly during the low season period between May and September, and the high season period occurs from October to April. During this financial year, although low season operation can lower the revenues of our hotels, the group opened some hotels in the low season period for the best service provided to our guests. In this service, we were able to cover some of our operation costs and expenses.

In preparation to gain increased revenue and more market share in the upcoming tourist season, major renovations in our hotels were carried out during the current financial year in order to get customer satisfaction and provide a peaceful and comfortable stay. In addition, our company is not only making the preparations such as operating sales promotion programs targeting at the domestic tourism in full swing due to the inbound tourism still being low, and setting the strategies to match the changing economic situation and market requirements, but also putting the efforts to make necessary preparations for reducing the operating costs and other expenses. We have also successfully overcome many difficulties over the past 3 years in order to operate our businesses in the best possible way and have prepared to the best of our abilities for the future prospects of our shareholders.

In the upcoming days, unless unexpected situations occur, the tourism industry could recover and our Group is aiming to gain more market share among hotel businesses, providing hot air ballooning services not only in Bagan but also in other regions, and making investments in different business areas. By doing so, we might sell out some of our businesses if deemed appropriate and we would like to assure our shareholders that we will continue our best efforts to increase the revenue of our Group and achieve good future prospects.

On Behalf of the Board of Directors,

Win Aung

Chairman